ရှိုးမ မိသားစုများထံသို့

ရှေးဦးစွာ မန်နေဂျာများနှင့်ဝန်ထမ်းများအားလုံး မြန်မာနှစ်သစ်မှာ ပျော်ရွှင်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ဒီနှစ် သင်္ကြန်ပိတ်ရက်သည် အခြားနှစ်သင်္ကြန်တွေကဲ့သို့ သမရိုးကျမဟုတ်သော်လည်း မိမိတို့ မိသားစု၊ သူငယ်ချင်းများနှင့်အတူ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းခဲ့မည်လို့လည်း မျှော်လင့်မိပါသည်။ ယခုလို အခက်အခဲများ ကြုံတွေ့နေချိန်တွင် Yoma Group အတွက် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုနှင့် စီးပွားရေးလုပ်ငန်းဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတို့အတွက် ကျွန်တော့်အနေနှင့် အားလုံးကို ကျေးဇူးတင်ရှိပါသည်။ ထို့အတွက် ကျွန်တော်တို့ အားလုံး ဝမ်းမြောက်ဂုဏ်ယူသင့်ပါကြောင်း ထပ်လောင်း ပြောကြားလိုပါသည်။

အားလုံးသိကြသည့်အတိုင်း တစ်ကမ္ဘာလုံးမှာ ဖြစ်ပွားနေသော COVID-19 ကပ်ရောဂါသည် ကျွန်တော်တို့အားလုံးနှင့် စီးပွားရေးလုပ်ငန်းတိုင်းအတွက် မကြုံစဖူး ထိခိုက်မှုများကို ဖြစ်ပေါ်စေလျက် ရှိပါသည်။ စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်မှုအခြေအနေ မည်သည့်အချိန်တွင် ပုံမှန်အတိုင်း ပြန်ဖြစ်မည်ကိုလည်း မည်သူတစ်ဦးတစ်ယောက်မှ မခန့်မှန်းနိုင်ကြပါ။ ထိုအခြေအနေမျိုးကို မြန်မာနိုင်ငံတွင် လည်း ကြုံတွေ့နေရပြီး Yoma Group အနေနှင့်လည်း အလားတူကြုံတွေ့နေရပါသည်။

အဆိုပါကပ်ရောဂါကြီး စတင်ဖြစ်ပွားချိန်မှစ၍ ကုမ္ပဏီအုပ်စုတွင်းရှိ ဝန်ထမ်းများအားလုံး၏ ဘေးကင်း လုံးခြုံရေးနှင့် ကျန်းမာရေးသည် ကျွန်တော်တို့ ဦးစားပေးဆောင်ရွက်သည့်အရာ ဖြစ်ခဲ့ပါသည်။ ဥက္ကဋ္ဌမှ Wednesday Club တွင် ပြောကြားသွားသည့်အတိုင်း ယခုလို ခက်ခဲသည့် အချိန်ကာလကို ကျွန်တော်တို့ ကျော်ဖြတ်နိုင်စေရန် Executive Committee ကော်မတီဝင်များသည် ၎င်းတို့လစာ၏ ၂၅% ကို နောက်ခြောက်လအထိ လျှော့ချရန် တညီတညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ ကုန်ကျစရိတ်များ ထပ်မံလျှော့ချနိုင်ရန်အတွက် အကြီးတန်းအရာရှိများ၏ လစာလျှော့ချခြင်းနှင့် မလိုအပ်သည့် အသုံးစရိတ် သုံးစွဲမှုများကို ရပ်ဆိုင်းခြင်း အစရှိသည်တို့ကို သက်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့်လည်း တိုင်ပင်ဆွေးနွေး လျက်ရှိပါသည်။

သို့သော် ထိုသို့ လစာလျှော့ချခြင်းများသည် ကုန်ကျစရိတ်လျှော့ချနိုင်ရန် ယာယီကာလအတွက် လုပ်ဆောင်ခြင်းသာဖြစ်ပြီး ရေရှည်တွင် ဆက်လုပ်သွားရန် မရည်ရွယ်ပါ။ လုပ်ငန်းဆက်လက် လည်ပတ်နိုင်စေရန်အတွက် ငွေကြေးလုံလောက်မှုရှိစေရန်လည်းကောင်း ယခုလိုအခြေအနေမှ ဖြတ်ကျော် သွားရန်အတွက်လည်းကောင်း ရေရှည်တွင် ဝန်ထမ်းများ၏ အလုပ်အကိုင်များကို ဆက်လက်ထိန်းသိမ်း ထားနိုင်စေရန်အတွက်လည်းကောင်း လုပ်ဆောင်နေခြင်းသာဖြစ်ပါသည်။

The Campus, 1 Office Park, Rain Tree Drive, Pun Hlaing Estate, Hlaing Tharyar Township, Yangon 11401, Myanmar
Tel: +95-1-3687766 | Fax: +95-1-3687687
Web: www.yomastrategic.com | www.fmi.com.mm

YOMA STRATEGIC HOLDINGS LTD. | FMI PART OF THE YOMA GROUP

YOMA GROUP

ကျွန်တော်တို့၏ စီးပွားရေးလုပ်ငန်းများကို ထိန်းသိမ်းကာကွယ်ရန်နှင့် အခြေခံဝန်ထမ်းများအား ကြည့်ရှုစောင့်ရှောက်ရန်မှာ ကျွန်တော်တို့ ရိုးမမိသားစုဝင်အားလုံး ခွဲဝေထမ်းဆောင်ရမည့်တာဝန်ဖြစ်ပါသည်။ ဝန်ထမ်းများ၏ လက်ရှိအလုပ်အကိုင်များမဆုံးရှုံးရန်အတွက် ကာကွယ်နိုင်ရန် နည်းလမ်းများစွာရှိပါသည်။ ဥပမာအားဖြင့် လုပ်ငန်းတာဝန်နှင့် အလုပ်ချိန်လျော့ချခြင်းသည်လည်းကောင်း လစာပေးခွင့်များကြိုတင်ခံစားခြင်းသည်လည်းကောင်း၊ ယခုလို ကပ်ဘေးဆိုက်နေချိန်တွင် မိမိဆန္ဒအလျောက် လစာမဲ့ခွင့် တောင်းခံခြင်းသည်လည်းကောင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။ အဆိုပါကိစ္စရပ်များနှင့် ပက်သက်၍ အားလုံး၏ ထင်မြင်ယူဆချက်များကိုလည်း ကျွန်တော်တို့မှ သိရှိလိုပါသည်။

ယခုအချိန်သည် အားလုံးအတွက် ခက်ခဲနေသည်ကို ကျွန်တော်အနေနှင့် နားလည်သဘောပေါက်ပါသည်။ သို့သော် ကျွန်တော်တို့ ကုမ္ပဏီအုပ်စု၏ ရည်မှန်းချက်ဖြစ်သည့် "ပြည်သူတွေအတွက် ပိုမိုကောင်းမွန်သည့် မြန်မာနိုင်ငံတော် တည်ဆောက်ရန်" အတွက် ကျွန်တော်တို့အားလုံး အတူတကွ လက်တွဲလုပ်ကိုင်ရန် လိုအပ်ပါသည်။ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ခြင်း၊ အနစ်နာခံ ကိုယ်ကျိုးစွန့်ခြင်းတို့ကြောင့် အတိတ်တွင် ခက်ခဲသော အချိန်တွေကို ကျော်ဖြတ်ခဲ့ကြပြီး ကျွန်တော်တို့အားလုံး ဂုဏ်ယူဝင့်ကြွားနိုင်သည့် အဖွဲ့အစည်းကို တည်ဆောက်နိုင်ခဲ့ကြပါသည်။ လက်ရှိအခက်အခဲ စိန်ခေါ်မှုတွေကို မြန်မာနိုင်ငံသာမက ရိုးမမိသားစုဝင်များပါ ရင်ဆိုင်ကျော်လွှားနိုင်မှာဖြစ်ပါတယ်လို့ ယုံကြည်ထားပြီး ကျော်ဖြတ်မည့် ခြေလှမ်းတိုင်းကို ကျွန်တော်တို့အားလုံး အတူတကွ လျှောက်လှမ်းကြမှာဖြစ်ပါတယ်။

အချုပ်အားဖြင့် မိမိကိုယ်ကိုသာမက အချင်းချင်းရိုင်းပင်းကူညီစောင့်ရှောက်ကြပါ။ အားလုံး ဘေးကင်းလုံခြုံစွာ နေထိုင်ကြပါ။ အခက်အခဲတွေကို ကျွန်တော်တို့အားလုံး အတူတကွရင်ဆိုင်ဖြေရှင်း နေတယ်ဆိုတာကို အမြဲအမှတ်ရနေပါလို့ ထပ်လောင်းမှာကြားလိုက်ပါတယ်။



Melvyn Pun

The Campus, 1 Office Park, Rain Tree Drive, Pun Hlaing Estate, Hlaing Tharyar Township, Yangon 11401, Myanmar
Tel: +95-1-3687766 | Fax: +95-1-3687687
Web: www.yomastrategic.com | www.fmi.com.mm